

# မြန်မာ

## အတုအယောင်များဖြင့် လှည့်စားထားသောနေရာ



ဘာသာများအကြားသည်းခံခြင်းကို မြှင့်တင်ရန် ဟောပြောခဲ့သောကြောင့် လက်ရှိတွင် ထောင်သွင်းအကျဉ်းချ ခံထားရသည်။

AMNESTY INTERNATIONAL

# ဦးထင်လင်းဦးကို လွှတ်ပေးပါ။

ဦးထင်လင်းဦးသည် စာရေးဆရာတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံ၏ အဓိက အတိုက်အခံပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ပြောရေးဆိုခွင့်ရှိသူဟောင်း တစ်ဦးလည်းဖြစ်သည်။ သူသည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ၌ မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြုလုပ်ခဲ့သော စာပေဟောပြောပွဲတစ်ခုတွင် ပါဝင်ဟောပြောခဲ့ရာ ဗုဒ္ဓဘာသာကို အသုံးချ၍ ခွဲခြား ဖိနှိပ်ဆက်ဆံမှုများနှင့် ပတ်သက်၍ ဝေဖန်ခဲ့သည်။

သူ၏ဟောပြောချက်ထဲမှ စကားရှေ့နောက်အဆက်အစပ် အပြည့်အစုံ မဟုတ်ဘဲ ထုတ်နှုတ်ဖော်ပြထားသည့် ပြောဆိုချက်သည် လူမှုကွန်ယက်များတွင် အလျှင်အမြန် ပျံ့နှံ့ခဲ့ ရာ၊ သဘောထားတင်းမာသည့် ဗုဒ္ဓဘာသာဝင် အမျိုးသားရေးဝါဒီ အုပ်စုများအကြား အမျက်ထွက်စရာ ဖြစ်စေခဲ့သည်။ သူသည် လက်ရှိတွင် 'ဘာသာရေးကို စော်ကားမှု' ဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၂) နှစ် ကျခံနေရသည်။

"ကျွန်တော်သူနဲ့တွေ့တိုင်း သူ့ကိစ္စနဲ့ သူ့အမှုအကြောင်းကို ဘယ်တော့မှ မပြောဘူး။ သူက အမြဲတမ်း နိုင်ငံရေးကိစ္စ၊ လာမယ့်ရွေးကောက်ပွဲကိစ္စပဲ ဆွေးနွေးချင်နေတာ... " ဟု သူ၏ ရှေ့နေ ဦးသိန်းသန်းဦးက သူ့တိုက်ပွဲဝင်စိတ်ဓာတ် အကြောင်းကို ရှင်းပြသည်။

**ဦးထင်လင်းဦးကို လွှတ်ပေးချိန်တန်ပြီ။**

နိုင်ငံတကာ၏ထောက်ခံမှုကို အငမ်းမရလိုချင်နေသော သမ္မတဦးသိန်းစိန်သည် မိမိအခွင့်အရေးကို ငြိမ်းချမ်းသော နည်းလမ်းဖြင့်အသုံးချသူ မည်သူတစ်ဦးတစ်ယောက်မျှ ဖမ်းဆီးထိန်းသိမ်းခံထားရခြင်း မရှိဟု ကျွန်ုပ်တို့ကို ယုံကြည်စေချင်နေသည်။ (အခြေအနေမှန်ကို) ကျွန်ုပ်တို့ပိုသိပါသည်။

နိုဝင်ဘာလ (၈) ရက် ရွေးကောက်ပွဲနီးလာသည်နှင့်အမျှ မြန်မာနိုင်ငံသည် ရက်စက်သောအတိတ်အား စွန့်လွှတ် လိုက်ပြီးခြင်းရှိမရှိ ကမ္ဘာက အနီးကပ်စောင့်ကြည့်နေလျက်ရှိရာ အစိုးရအပေါ် ဝေဖန်သည့် မိမိထင်မြင်ချက်များ ဖော်ထုတ်ကြသူများအပေါ် (အစိုးရ၏) ပြုမူဆက်ဆံပုံများက အဆုံးအဖြတ် ပေးသွားမည်ဖြစ်သည်။

မြန်မာ
အတုအယောင်များဖြင့်
လှည့်စားထားသောနေရာ

AMNESTY INTERNATIONAL

---

သို့
**နိုင်ငံတော်သမ္မတ**

မြန်မာနိုင်ငံရှိ ငြိမ်းချမ်းသောတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေး ကာကွယ်သူများအား ဆက်လက်ဖမ်းဆီး ထောင်ချနေမှုအပေါ် ကျွန်ုပ်အနေဖြင့် အလွန်အမင်း စိုးရိမ်မိသောကြောင့် သမ္မတထံ စာရေးလိုက်ရပါသည်။

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များတွင် ယုံကြည်ချက်အကျဉ်းသားများ မရှိစေရဟု ၂၀၁၃ ခုနှစ်တွင် သမ္မတအနေဖြင့် ကတိပြုခဲ့ပါသည်။ သို့သော် ယနေ့အချိန်တွင် ယုံကြည်ချက် အကျဉ်းသားများစွာ သံတိုင်များ နောက်တွင် ထောင်သွင်းအကျဉ်းချခံနေရပြီး၊ အခြားပြည်သူ ရာပေါင်းများစွာမှာလည်း မိမိအခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးယုံမျှဖြင့် တရားစွဲဆိုခြင်းနှင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသည်။

လက်ရှိအချိန်သည် သမ္မတ၏ကတိကို အကောင်အထည် ဖော်ရမည့်အချိန်၊ မြန်မာနိုင်ငံသည် လူ့အခွင့်အရေး ပြုပြင်ပြောင်းလဲမှု လမ်းကြောင်းပေါ်တွင် အမှန်တကယ်ရှိနေကြောင်း ကမ္ဘာကိုပြသရမည့်အချိန် ဖြစ်ပါသည်။

ထို့ကြောင့် ယုံကြည်ချက် အကျဉ်းသားများအားလုံး ချွင်းချက်မရှိ၊ ချက်ချင်းလွှတ်ပေးရန်နှင့် မိမိ၏ လူ့အခွင့်အရေးများကို ငြိမ်းချမ်းစွာကျင့်သုံးရုံ သက်သက်ကြောင့် ထောင်ဒဏ် ရင်ဆိုင်နေရသူများအပေါ် စွဲချက်တင်ထားသည့် အမှုများအားလုံး ပြန်လည်ရုပ်သိမ်းပေးရန် သမ္မတကို ကျွန်ုပ်အနေဖြင့် လေးစားစွာတောင်းဆိုပါသည်။

လေးစားစွာဖြင့်

**အမည်**..............................................................................................

**နိုင်ငံ** ..............................................................................................

**အီးမေးလ်** ..............................................................................................

အညွှန်း: ASA 16/2582/2015 Burmese

**သမ္မတဦးသိန်းစိန်**
**နိုင်ငံတော်သမ္မတရုံး**
**နေပြည်တော်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**

မြန်မာ
အတုအယောင်များဖြင့်
လှည့်စားထားသောနေရာ

AMNESTY INTERNATIONAL

ပုံ - ဦးထင်လင်းဦး ©RFA